# ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာလူ့အခွင့် အရေးနေ့အတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ သတင်းထုတ်ပြန်ချက် (၄/၂၀၁၃)

၁။ နိုင်ငံတကာ လူ့အခွင့်အရေးနေ့တွင်မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် သည် မင်္ဂလာရှိသောအခါသမယကိုနိုင်ငံတကာအသိုက်အဝန်းနှင့်အတူပါဝင်ဆင်နွှဲအပ်ပါသည်။

၂။ နိုင်ငံတကာလူ့အခွင့်အရေးနေ့သည်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွက် အထူးအရေးပါသည့်နေ့တစ်နေ့ဖြစ်ပါသည်။ ၂၀၁၃ခုနှစ်အတွင်း၌ကော်မရှင်သည် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုထားသည့်ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကိုပထမဆုံးအကြိမ်အဖြစ် အစိုးရအဖွဲ့၏အရေးကြီးသောဌာနများ၊ လွှတ်တော်နှင့် ပြည်သူလူထုထံသို့ဖြန့်ဝေနိုင်ခဲ့ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့် ၎င်းတို့၏မွေးရာပါ အခွင့်အရေးများကိုအပြည့်အဝသိရှိလာစေရန်အလို့ငှာ ကော်မရှင်သည်အရေးကြီးသည့်ဤကြေညာစာတမ်းကိုကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၃ခုနှစ်တွင် ကော်မရှင်သည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်နှင့်ဥက္ကံမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ကြို့ပင်ကောက်မြို့နယ်၊ဇီးကုန်းမြို့နယ်နှင့်နတ်တလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့၊ဝမ်းတွင်းမြို့၊ပျော်ဘွယ်မြို့နှင့်မိတ္ထီလာမြို့၊ ရှမ်းပြည်နယ်၊လားရှိုးမြို့၊ ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့နှင့် သံတွဲမြို့များသို့ ပထမဆုံးအကြိမ်အဖြစ်သွားရောက်၍ လူထုနှင့်ထိတွေ့မှုများဆောင်ရွက်ခြင်း၊ ကော့သောင်းမြို့နှင့် မော်လမြိုင်မြို့ရှိအကျဉ်းထောင်များသို့သွားရောက်ခြင်းဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးတို့ကိုပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။အဆိုပါခရီးစဉ်များအတွင်းတွေ့ရှိချက်များကိုအခြေပြု၍အဆိုပါ မြို့နယ်များတွင်အကြမ်းဖက်မှုများထပ်မံမဖြစ်ပွားစေရေး နှင့်ယင်းအကျဉ်းထောင်များ၏ အခြေအနေများ တိုးတက်ကောင်းမွန်ရေးတို့အတွက် လိုအပ်သည့် ကြိုတင်ကာကွယ်ဆောင်ရွက်မှုများပြုလုပ်နိုင်ရန်အတွက်ကော်မရှင်သည်အရေးကြီးသည့်အကြံပြုချက်များကိုပြည်ထောင်စုအစိုးရအဖွဲ့သို့တင်သွင်းခဲ့ပါသည်။

၄။ လူ့အခွင့်အရေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအတွက် ကော်မရှင်သည် ဆွီဒင်အခြေစိုက် Raoul Wallenberg Institute (RWI) နှင့်ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ဘန်ကောက်ရှိဒေသဆိုင်ရာရုံး (OHCHR) တို့နှင့်ပူးပေါင်း၍လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများ၌ဆွေးနွေးခဲ့သည့် ဘာသာရပ်များတွင် စီးပွားရေးနှင့် လူ့အခွင့်အရေး၊လူ့အခွင့်အရေးနှင့်မီဒီယာစသည့် ဘာသာရပ်များပါဝင်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများတွင်နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ

သဘောတူစာချုပ် (ICESCR) နှင့် နိုင်ငံတကာပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ် (ICCPR) တို့နှင့်ပတ်သက်သည့်အလုပ်ရုံဆွေးနွေးပွဲနှစ်ခု လည်းပါရှိခဲ့ပြီး ယင်းသဘောတူစာချုပ်နှစ်ရပ်တွင် မြန်မာနိုင်ငံကအဖွဲ့ဝင်ဖြစ်လာသည့်အချိန်တွင် အဆိုပါစာချုပ်များကိုအကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိများအနေဖြင့် ၎င်းတို့၏ အခန်းကဏ္ဍကိုဆောင်ရွက်နိုင်ကြစေရန် အထူးရည်ရွယ်၍ ယင်းအလုပ်ရုံဆွေးနွေးပွဲနှစ်ရပ်ကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အထူးအလေးပေးဖော်ပြလိုသည်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ ဘန်ကောက်အခြေစိုက်ရုံးနှင့် ပူးပေါင်း၍ နေပြည်တော်၌ ကျင်းပခဲ့သည့် Universal Periodic Review(UPR) ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲဖြစ်ပါသည်။အဆိုပါဆွေးနွေးပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊အစိုးရအရာထမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့်ကော်မရှင် အဖွဲ့ဝင်များ တက်ကြွစွာပါဝင်ခဲ့ခြင်း ကြောင့်မြန်မာနိုင်ငံ၏ UPR လုပ်ငန်းစဉ်နှင့် ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ မြန်မာနိုင်ငံကတင်သွင်းမည့် UPR အစီရင်ခံစာကို ပြုစုပြင်ဆင်ရာတွင်အထောက်အကူ ဖြစ်စေ ပါမည်။

၅။ ကော်မရှင်သည်၎င်း၏လူ့အခွင့်အရေးမြှင့်တင်မှုလုပ်ငန်းအဖြစ်ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ဘန်ကောက်အခြေစိုက်ရုံးကစီစဉ်ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများတွင်တက်ကြွစွာပါဝင်ခဲ့ပါသည်။ထို့ပြင်ကော်မရှင်သည် အရပ်ဖက် အဖွဲ့အစည်းကိုယ်စားလှယ်များကိုကော်မရှင်သို့ဖိတ်ကြားကာ ကော်မရှင်အဖွဲ့ဝင်များ၏ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာမှရရှိသည့်အတွေ့အကြုံများကိုရှင်းလင်းပြောကြားခြင်းနှင့် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုရန်ရှိသည့်ကော်မရှင်၏ ဥပဒေမူကြမ်း နှင့် ပတ်သက်၍ အရပ်ဖက်အဖွဲ့အစည်းများ၏သဘောထားအမြင်များကိုရယူခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။အရပ်ဖက်အဖွဲ့အစည်းများနှင့်ထိတွေ့ဆက်ဆံမှုသည်ကော်မရှင်၏အနာဂတ်လုပ်ငန်းများတွင်ဦးစားပေးနယ်ပယ်တစ်ရပ်အဖြစ်ဆက်လက်အရေးပါနေမည်ဖြစ်ပါသည်။

၆။ လူ့အခွင့်အရေးကာကွယ်မှုနှင့်ပတ်သက်၍၂၀၁၃ခုနှစ်ဇန်နဝါရီလ၁ရက်နေ့မှအောက်တိုဘာလ ၃၁ရက်နေ့အထိတိုင်ကြားစာပေါင်း၁၅၉၉မှုကိုကော်မရှင်ကလက်ခံရရှိခဲ့ပြီး တိုင်ကြားစာ ၁၂၀၆မှုကိုစဉ်းစားစိစစ်ပြီးလိုအပ်သောအရေးယူဆောင်ရွက်မှုများနှင့်ဖြေရှင်းမှုများပြုလုပ်နိုင်ရေးအတွက်သက်ဆိုင်ရာတိုင်ကြားစာများကိုပြည်ထောင်စုအစိုးရအဖွဲ့ရုံးထံသို့ဆက်လက်ပေးပို့ခဲ့ပါသည်။တိုင်ကြားစာများကိုဆက်လက်ရရှိနေဆဲဖြစ်ပြီးကော်မရှင်အနေဖြင့်အစိုးရအဖွဲ့သက်ဆိုင်ရာဌာနများ၏ပူးပေါင်းဆောင်ရွက်မှုကိုတန်ဖိုးထားသကဲ့သို့ရရှိသောတုန့်ပြန်မှုများအရတိုင်ကြားစာ

များ စိစစ်သည့်စနစ်တစ်ရပ်လုံးအားပိုမိုတိုးတက်ကောင်းမွန်အောင်ပြုလုပ်သွားရန်များစွာလိုအပ်နေသေးကြောင်းတွေ့ရှိရပါသည်။ကော်မရှင်အနေဖြင့်သက်ဆိုင်သူများအကြားပိုမို၍တက်ကြွစွာညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့်ဖောက်ဖျက်ကျူးလွန်မှုဖြစ်ပွားရာဒေသများသို့ပို၍သွားရောက်စုံစမ်းစစ်ဆေးခြင်းစသည့်ထိရောက်သောဆောင်ရွက်မှုများကိုပြုလုပ်သွားရန်စီမံလျက်ရှိပါသည်။

၇။

ကော်မရှင်အဖွဲ့ဝင်များသည်လူ့အခွင့်အရေးနှင့်ပတ်သက်သောဒေသဆိုင်ရာအစည်းအဝေးများတွင်တက်ကြွစွာပါဝင်တက်ရောက်ခြင်း၊အရှေ့တောင်အာရှလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာဖိုရမ် (SEANF) နှင့်အာရှ-ပစိဖိတ်ဖိုရမ် (APF) ကဲ့သို့ဒေသအဆင့်လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့်ထိတွေ့ဆက်ဆံခြင်းအားဖြင့်ဒေသအဆင့်၌မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ပူးပေါင်းဆောင်ရွက်မှုသည်လွန်ခဲ့သည့်နှစ်ကကဲ့သို့ပင်ခိုင်မာအားကောင်းလျက်ရှိပါသည်။အာရှ-ပစိဖိတ်ဖိုရမ်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ကော်မရှင်သည်၂၀၁၄မှ၂၀၁၆ခုနှစ်အတွက်လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးဆိုင်ရာမဟာဗျူဟာတစ်ရပ်ကိုရေးဆွဲချမှတ်ခဲ့ပြီးဖြစ်ပါသည်။ဤမဟာဗျူဟာအရနိုင်ငံအဆင့်၊ဒေသအဆင့်နှင့်နိုင်ငံတကာအဆင့်တို့တွင်ဆောင်ရွက်သွားမည့်လုပ်ငန်းများကိုစီမံထားပါသည်။

၈။

ယနေ့လူ့အခွင့်အရေးနေ့တွင်ကော်မရှင်သည်၎င်း၏လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးလုပ်ငန်းကိုအောင်မြင်အောင်ဆောင်ရွက်ရာ၌မြန်မာနိုင်ငံအတွင်းရှိသက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုကိုရရှိမည်ဟုပြင်းပြစွာမျှော်လင့်ပါသည်။ယင်းပူးပေါင်းဆောင်ရွက်မှုကိုမရရှိပါကလူ့အခွင့်အရေးကိုလေးစားလိုက်နာသည့်၊မြှင့်တင်သည့်၊ကာကွယ်ဖြည့်ဆည်းပေးသည့်မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်သည်ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေ။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်